**Karenni Nationalities Defence Force**

**ကရင်နီအမျိုးသားများကာကွယ်ရေးတပ်**

# တိုက်ပွဲသတင်းထုတ်ပြန်ချက်

၂၀၂၁ခုနှစ်၊နိုဝင်ဘာလ (၂၃) ရက်။

ဒီးမော့ဆိုမြို့နယ် စံပြ (၆)မိုင်နှင့် ဒေါပိုးစီကျေးရွာတို့တွင် ယနေ့ မနက်အစောပိုင်းနှင့် ညနေပိုင်းတို့တွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားခဲ့ပြီး လွိုင်ကော်မြို့နယ် ပန်ကန်းရပ်ကွက်အထိ တိုက်ပွဲများ ဖြစ်ပွားခဲ့ပါသည်။ ဒီးမော့ဆိုမြို့နယ် ရဲစခန်းအနီးတွင်လည်းတိုက်ပွဲများဖြစ်ပွားခဲ့ရာ ယနေ့တွင်ဒီးမော့ဆိုနှင့် လွိုင်ကော်မြို့နယ်တို့တွင် တိုက်ပွဲစုစုပေါင်း (၄) ကြိမ်ဖြစ်ပွားခဲ့ပါသည်။

ဒေါပိုးစီကျေးရွာအတွင်း မနက် (၇း၀၀) နာရီခန့်တွင် အကြမ်းဖက်စစ်ကောင်စီများကို ကရင်နီတပ်မတော် (KA) နှင့် KNDF မှ ခုခံတိုက်ခိုက်ခဲ့သဖြင့် တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်ဖက်မှ (၂)ဦး သေဆုံးက (၅) ဦး ဒဏ်ရာရခဲ့ပါသည်။

ထို့အတူ ယနေ့ညနေပိုင်း (၁၅း၁၀)နာရီခန့်တွင် ပန်ကန်းရပ်ကွက် ဘုန်းကြီးကျောင်းအနီးတွင် တပ်စွဲထားသော စစ်ကောင်စီတပ်များနှင့် နှစ်ဖက်ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ရာ စစ်ကောင်စီတပ်ဘက်မှ တစ်ဦးသေဆုံးခဲ့ပါသည်။ ထို့အပြင် ယနေ့ ညနေ (၁၆း၄၀)နာရီ တွင် (၅) မိုင်နှင့် (၆) မိုင်အနီးသင်ချိုင်းတွင်လည်း နှစ်ဖက်ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်ဖက်မှ (၂)ဦးဒဏ်ရာရခဲ့သည်။ ထိုတိုက်ပွဲအတွင်း မိမိတို့ဘက်မှ ရဲဘော်တစ်ဦး မစိုးရိမ်ရသော ထိခိုက် ဒဏ်ရာရခဲ့ပါသည်။

ဒီးမော့ဆိုမြို့နယ် ရဲစခန်းအနီးတွင်လည်း ယနေ့ ညနေပိုင်း (၁၅း၀၀) နာရီတွင် နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး စစ်ကောင်စီတပ်ဘက်မှ (၂)ဦး အာပီဂျီ ထိမှန်ပြီး သေဆုံးခဲ့ပါသည်။ ယနေ့ တိုက်ပွဲများအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်ဘက်မှ စုစုပေါင်း (၅) ဦး သေဆုံးပြီး (၇) ဦး ဒဏ်ရာရခဲ့ပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈၊ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။